# နှုတ်မိန့်

## (၄ - ၉ - ၂၀၁၀)

(၁) စစ်ဗိုလ်ကြီးတွေ စစ်ဝတ်ချွတ်ပြီး လူဝတ်လဲကြတော့ ကောလာဟလဆန်ဆန် သတင်းတွေ အများကြီးထွက်လာတယ်။ ဘယ်ဟာကမှန်ပြီး ဘယ်ဟာက မှားသလဲ ပြောရခက်တယ်။

ဘာကြောင့်လဲဆိုတော့ 'နှုတ်မိန့်' နဲ့လုပ်တဲ့ လုပ်နည်းလုပ်ဟန်ကြောင့်ပဲ။

(၂) ဆွေငြိမ်းအမာခံ စစ်ဗိုလ်ကြီးတွေကို တပ်ကထုတ်ပြီး ပြည်ပပို့တုန်းကလည်း 'နှုတ်မိန့်' နဲ့ လုပ်ခဲ့တာပဲ။ ကောလာဟလဆန်ဆန် သတင်းတွေကို အဲဒီတုန်းကလည်း ကြားခဲ့ရတယ်။

သမဂ္ဂအဆောက်အဦးကို ဖြိုချတုန်းကလည်း 'နှုတ်မိန့်' နဲ့ လုပ်ခဲ့တာပဲ။ 'နှုတ်မိန့်' ဘယ်သူပေးသလဲဆိုတာကို ဗိုလ်နေဝင်းနဲ့ ဗိုလ်အောင်ကြီး တယာက်ကိုတယောက် လွှဲချနေကြတာ လူသိရှင်ကြားပဲ။ အမှန်အမှားကို ဘယ်သူကမှ ဝင်ရှင်းတာလည်း မရှိဘူး။ သေသူ သေကြပြီ။ ရှင်သူကလည်း ထပ်မရှင်းဘူး။

အခုလည်း 'နှုတ်မိန့်' ပေးသူ ဘယ်သူလဲ။ ဗိုလ်သန်းရွှေပဲ ဖြစ်မှာပါ။ သူကလည်း ရှင်းမှာမဟုတ်ပါဘူး။

(၃) 'အာဏာသိမ်းပွဲ' တွေ လုပ်တုန်းကလည်း 'နှုတ်မိန့်' နဲ့ လုပ်ခဲ့တာပဲ။ 'နှုတ်မိန့်' ပေးနိုင်သူက 'နံပါတ်ဝမ်း' ပဲဆိုတာတော့ သိနိုင်တယ်။ ဒါပေမဲ့ 'နှုတ်မိန့်' က ဘာလဲဆိုတာတော့ ကာယကံရှင်တွေပဲ သိနိုင်တယ်။ အမိန့်ပေးသူနဲ့ အမိန့်နာခံရသူပဲ သိနိုင်တယ်။ သူတို့ကလည်း ဘယ်တော့မှ ထုတ်မပြောပါဘူး။ အမိန့်နာခံရသူက ထုတ်ပြောမိရင် အာဏာဖီဆန်မှုဖြစ်ပြီး အပြစ်က ကြီးလေးသွားမယ်။ အမိန့်ပေးသူကလည်း ဒါက သူ့လျှို့ဝှက်ချက်ဖြစ်လို့ မပြောပါဘူး။

(၄) ဂုဏ်ယူ လက်မထောင်ရတဲ့ ကိစ္စမျိုးမှာတော့ 'နံပါတ်ဝမ်း' က သူဘယ်လို နှုတ်မိန့်ပေးခဲ့တာပဲ ဆိုတာကို တခါတရံပြောလေ့ ရှိတယ်။

ဗကပ နဲ့ ဗိုလ်နေဝင်း ပီကင်းမှာ တွေ့ကြတုန်းက သခင်တင်တယောက် စားရမဲ့သောက်ရမဲ့ဖြစ်နေတာ တွေ့ရလို့ သူက 'ပီကင်း' ထွက်မလာခင် 'နှုတ်မိန့်' ပေးခဲ့တဲ့အကြောင်း၊ တိုင်းပြည်အတွက် လုပ်ခဲ့တဲ့ သူတွေကို စောင့်မကြည့်ရှုရမယ့်အကြောင်း၊ ဥပဒေပညာရှင်တွေနဲ့ တိုင်ပင်ပြီး ဥပဒေတခုရေးဆွဲကြဖို့ သူ့လူတွေကို မှာခဲ့ကြောင်း လေပန်းပါတယ်။ သခင်တင် အခုလို စားရမဲ့သောက်ရမဲ့ ဖြစ်နေတာကလည်း လောင်းကစားလုပ်လို့ဖြစ်ကြောင်းလည်း ပြောပါတယ်။

နောင်မကြာဘူး။ သူပြောတဲ့အတိုင်း 'နိုင်ငံ့ဂုဏ်ရည်' ဥပဒေတွေ ထွက်လာတာပဲ။

နံပါတ်ဝမ်းက အဲဒီလို လက်မထောင်တာတော့ လုပ်လေ့ရှိပါတယ်။ ဘယ်လမ်းဘယ်တံတားက နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့ ဖောက်ခဲ့ဆောက်ခဲ့တာပဲဆိုတာ ရေးကြပြောကြပါတယ်။